# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေး ကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် စိန်ခေါ်မှုများကြားမှပင် ပိုမိုရှင်သန်ခိုင်မာလာခဲ့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်**

၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု(၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် မြန်မာပြည်သူများ ကိုယ်စားသော်လည်းကောင်း၊ မိမိအနေဖြင့်သော်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လွန်ခဲ့သည့်(၇၅)နှစ်တာကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်မှုတို့ဖြင့် ထူးခြားသည့် သွင်ပြင်လက္ခဏာရှိခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
အဆွေတော်ခင်ဗျား


မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ယနေ့** *ဖတ်စရာ*

**တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)**

ဆောင်းပါး | စာ ၁၀



**ယူနိုက်တက်အဲလိုင်းက အစ္စရေးသို့ ပြေးဆွဲသည့် လေကြောင်းခရီးစဉ်များ ပြန်လည်စတင်**

နိုင်ငံတကာသတင်း | စာ ၁၄



❖ *ရှေ့ဖုံးမှ*

ယင်းသို့သော ချစ်ကြည်ရင်းနှီးမှုများမှာ နှစ်ဖက်အစိုးရများ အဆက်ဆက်၏ပြုစုပျိုးထောင်မှုဖြင့် တစ်ဆထက်တစ်ဆ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ထိ တိုးမြှင့်နိုင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်က မိမိတို့နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးစဉ်အတွင်းသာတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ်အခြေခံသော အေးအတူပူအမျှ တူညီသောအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် မြန်မာ-တရုတ်အသိုက်အဝန်းကို ထူထောင်ရန်သဘောတူညီခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်များပြားလျက်ရှိပြီး အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအောက်ရှိ တရုတ် - မြန်မာစီးပွားရေးစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများကို နှစ်နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် အကောင်အထည်ဖော်လျက်ရှိမှုက များစွာကျေနပ်အားရဖွယ်ဖြစ်ပါသည်။

မကြာသေးမီက မိမိတို့မော်စကိုမြို့၌တွေ့ဆုံစဉ် အထူးသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍများတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးအတွက် တူညီသည့်ဘုံသန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့မှုကို ဝမ်းမြောက်စွာအမှတ်ရမိပါသည်။

မိမိအနေဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းက စွမ်းအင်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးအစရှိသည့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထိပ်သီးအစည်းအဝေးကာလအတွင်း ဒေသနှင့် ကမ္ဘာ တစ်ဝှမ်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများကို အတူတကွ ပူးပေါင်းတိုက်ဖျက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြပါသည်။

အခွင့်အခါကြုံခိုက် မကြာသေးမီက မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုအပြီး လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်ပြည်သူများကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယင်းသို့ကူညီရိုင်းပင်းမှုများက ဘေးဒုက္ခကြုံတွေ့ရချိန်တွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စာနာနားလည်မှုတို့ကို ပြသလျက်ရှိခြင်းပင်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံ ပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်ကျန်းမာသုခပြည့်စုံ၍ တရုတ်နိုင်ငံမှ ပြည်သူများအနေဖြင့် ဆက်လက်၍ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**မစ္စတာရှီကျင့်ဖျင်**
**သမ္မတ**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပေကျင်းမြို့**

◆ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅) နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် စိန်ခေါ်မှုများကြားမှပင် ပိုမိုရှင်သန်ခိုင်မာလာခဲ့ပါသည်။ နှစ်နိုင်ငံလုံးမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် ဘန်ဒေါင်းစိတ်ဓာတ်တို့ကို လိုက်နာကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းကောင်း မိတ်ဖက်ဆက်ဆံရေးကို စိတ်ဓာတ်ဖြင့် နှစ်ဖက်အကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလျက် မိမိတို့နှစ်နိုင်ငံအတွက် အဓိကအရေးပါသည့် အကျိုးစီးပွားနှင့် ဘုံအရေးပါသည့် ကိစ္စရပ်များတွင် နှစ်ဖက်အကြားအပြန်အလှန်ခိုင်မာစွာ ထောက်ခံရပ်တည်ပေးလျက်ရှိခြင်းတို့သည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၏ ကောင်းမွန်သည့် သာဓကအဖြစ်ရှိနေပါသည်။

ပြီးခဲ့သည့်မေလက အဆွေတော်နှင့် ရုရှားနိုင်ငံ၌တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းမြှင့်တင်ထူထောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည့် သဘောတူညီချက်များရရှိခဲ့ပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ် – မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့်အကျိုးစီးပွားများကို အတူတကွ ဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး ကျန်းမာရွှင်လန်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရှီကျင့်ဖျင်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီချန်းထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

**အဆွေတော်ခင်ဗျား**

၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်တွင်ကျရောက်သော မိမိတို့နှစ်နိုင်ငံရဲ့ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မိမိအနေဖြင့် အဆွေတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၅၀ ပြည့်နှစ်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ တဖြည်းဖြည်းပိုမိုနက်ရှိုင်းလာခဲ့ပြီး ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုမှသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ခဲ့ကြပြီး အေးအတူပူအမျှအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံအသိုက်အဝန်းထူထောင်ရေး တူညီသည့်ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီ၏ အဓိကအရင်းအမြစ်ဖြစ်ပြီး မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးသည့်အခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှာလည်း နှစ်နိုင်ငံပြည်သူများအကြား ကဏ္ဍစုံကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်တိုးပွားလျက်ရှိပါသည်။ ညီအစ်မမြို့တော်များနှင့် ချစ်ကြည်ရေးမြို့တော်မိတ်ဖက် ထူထောင်မှုအရေအတွက် များပြားလာခြင်းကလည်း မိမိတို့နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာလျက်ရှိသည်ကို ထင်ဟပ်ပြသလျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးကာလအတွင်း အဆွေတော်နှင့်တွေ့ဆုံစဉ် စွမ်းအင်၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုနက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းသစ်များနှင့် ပတ်သက်၍ဆွေးနွေးနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ အထူးသဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးအပေါ် ခြိမ်းခြောက်လျက်ရှိသော အွန်လိုင်းလိမ်လည်မှုများကို အတူတကွတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကိုမြှင့်တင်ရန် တူညီသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့မှုအတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။

အခွင့်ကြုံခိုက် မကြာသေးမီကလှုပ်ခတ်ခဲ့သော မန္တလေးငလျင်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးမှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအား အထူးကျေးဇူးတင်ရှိပါသည်။ ယင်းသို့ စာနာထောက်ထားမှုဖြင့် ကူညီဖေးမမှုများက နှစ်ကာလရှည်ကြာစွာရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး၏ကျောရိုးဖြစ်သည့် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု စိတ်ရင်းအမှန်ကို ထင်ဟပ်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တရုတ်နိုင်ငံက အခိုင်အမာပံ့ပိုးပေးလျက်ရှိသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါသည်။

ရှေ့ဆက်၍လည်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာ၍ အပြန်အလှန်အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်များပြားလာကာ မိမိတို့၏နှစ်နိုင်ငံ၏ မျိုးဆက်သစ်များအတွက် တူညီသည့်သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**အဆွေတော် မစ္စတာလီချန်း**
**ဝန်ကြီးချုပ်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပေကျင်းမြို့**

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်း ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
အဆွေတော်ခင်ဗျား

မြန်မာ – တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက်အထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံသည် တောတောင်ရေမြေများ ဆက်စပ်လျက်ရှိပြီး ရှေးပဝေသဏီကတည်းကပင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့ပါသည်။ မြန်မာ – တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံ အတူတကွကြိုးပမ်းအားထုတ်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်ဖလှယ်မှုများတွင် တိုးတက်အောင်မြင်မှု အများအပြားရရှိခဲ့ပါသည်။ မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အခါသမယတွင် တရုတ် – မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးပိုမိုအားကောင်းစေရေး၊ မြန်မာ – တရုတ် အေးအတူပူအမျှအသိုက်အဝန်းတည်ထောင်မှု ပိုမိုနက်ရှိုင်းစေရေးနှင့် အခွန့်ရှည်ကြာရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းရေးတို့အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြော ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လီချန်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်

၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကျရောက်သည့် မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု(၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့်(၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား ပထဝီဝင်အနေအထားအရ နီးကပ်မှု၊ အပြန်အလှန်လေးစားမှုတို့အပြင် နှစ်နိုင်ငံပြည်သူများအကြားရှိ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးတို့ဖြင့် အခွန့်ရှည်ကြာသည့် ချစ်ကြည်ရင်းနှီးသောအိမ်နီးချင်းဆက်ဆံရေးကို မျှဝေပိုင်ဆိုင်ထားကြပါသည်။ နှစ်ပေါင်းများစွာအတွင်းအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ များပြားလာမှုနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်နှင့် ယင်းနောက် အေးအတူပူအမျှအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံအသိုက်အဝန်း ထူထောင်ရေးတူညီသည့်ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြခြင်းအတွက် ကျေနပ်အားရမိပါသည်။

မိမိတို့၏တူညီသောဘုံရည်မှန်းချက်နှင့် စဉ်ဆက်မပြတ်ပူးပေါင်းကြိုးပမ်းမှုတို့သည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား မြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ နောင်လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မန္တလေးငလျင်အတွက် အချိန်နှင့်တစ်ပြေးညီ စေတနာသဒ္ဓါတရားထက်သန်စွာပေးအပ်ခဲ့သည့် လူသားချင်းစာနာမှုအကူအညီများအတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံနှင့်ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးတွင်သာမက ဒေသတွင်းနှင့် နိုင်ငံတကာမူဘောင်များအောက်မှလည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆက်လက်၍ အဆွေတော်နှင့်အနီးကပ်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

သန်းဆွေ

မစ္စတာဝမ်ယိ
တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်
နိုင်ငံခြားရေးဝန်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ပေကျင်းမြို့

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

ဦးသန်းဆွေ
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
အဆွေတော်ခင်ဗျား

တရုတ် – မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တရုတ် – မြန်မာ နှစ်နိုင်ငံအကြားဆက်ဆံရေးသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅) နှစ်တာကာလအတွင်း နိုင်ငံတကာအခင်းအကျင်း၌ အပြောင်းအလဲများစွာကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံ နိုင်ငံခေါင်းဆောင်များအကြားရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ပိုမိုချဲ့ထွင်ဆောင်ရွက်ရန်နှင့် တရုတ် – မြန်မာ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုကို အရှိန်အဟုန်မပျက်မြှင့်တင်ရန်အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြော၍ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်ယိ
တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊
နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်
နိုင်ငံခြားရေးဝန်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ


**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် အခြေခံပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၇

**၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာမူလတန်းမှ အထက်တန်းအဆင့်ကျောင်းများသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဇရာဝတီခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)






အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် ယင်းတို့၏ဇနီးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူများ၏ မိဘဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်ကျောင်းများသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းဖြင့် ၎င်းတို့ ပညာသင်ကြားရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းဖြစ်စေရေးအတွက် နှစ်စဉ်အလေးထားကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလို ထောက်ပံ့ပေးအပ်ချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏ အနာဂတ်တောက်ပနိုင်စေရေးအတွက် အသိပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး ကြိုးစားသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အသိပညာ၊ ဗဟုသုတနှင့် အတွေးအခေါ်ကောင်းများရရှိစေရန် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသအစုံ စာပေများကို ဖတ်ရှုလေ့လာပြီး ပညာနှင့်အတွေးအခေါ်ကောင်းများပေါင်းစပ်၍ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများအား ကောင်းမွန်တည့်မတ်မှန်ကန်သည့် စိတ်ဓာတ်များဖြင့် အကျင့်စာရိတ္တကောင်းမွန်မြင့်မားသော ပညာတတ်များဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၅၀၄ ဦးတို့အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များပေးအပ်ကာ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့ရှိ ရုံးဌာနများ၌ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပသည်။**




အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများသည် နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ တက်ရောက်ခဲ့ကြပြီး အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးဌာနများတွင်လည်း ဌာနတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းသား သမီးများဖြစ်သည့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးနှင့် ပညာသင်ယူရာတွင် အခက်အခဲမရှိစေရေးတို့ကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိဘများကလည်း မိမိတို့သားသမီးများအား ကျောင်းနေမြဲရေးနှင့် ကျောင်းပညာပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေးအတွက် အမြဲမပြတ်စည်းရုံးဆောင်ရွက်နေရမည်ဖြစ်ပြီး ခေတ်နှင့်အညီ တိုးတက်မှုရှိရေး ဦးတည်ဆောင်ရွက်နေသည့် အခြေခံပညာရေးစနစ်၏ အကောင်အထည်ဖော်မှုအခြေအနေများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီးက မူလတန်းနှင့် မူကြို ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးဌာနအသီးသီးတွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပေးအပ်ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းနှင့် ကော်ပိုရေးရှင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သားသမီးများမှ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကျောင်းသား ကျောင်းသူ နေပြည်တော်တွင် ၁၀၉၆ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁၁၂၃၅ ဦး စုစုပေါင်း ၁၂၃၃၁ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟိုသင်တန်းကျောင်းအတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် ယာယီရှက်ဖျင်တဲများအတွင်း ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေရာချထားမှု၊ နေထိုင်စားသောက်မှု၊ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာသုံးစွဲနိုင်ရန်နှင့် လုံခြုံစွာနေထိုင်နိုင်ရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပျဉ်းမနားပင်မဓာတ်အားခွဲရုံအတွင်း ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ပေ (၂၀ x ၂၀) အရွယ်အစားရှိ Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ လက်ရှိ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေရရှိရေး၊ မီးရရှိရေး၊ သန့်စင်ခန်းများနှင့် မီးဖိုဆောင်များ တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

**ခနုဖြူ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ငါးဘတ်အိုင်ကျေးရွာအုပ်စု ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာရှိ ရွှေအိုင်မြေဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်နှင့် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်လွဲ့လွဲ့ဝင်းတို့က အမှာစကားပြောကြားကြသည်။ အဆိုပါသင်တန်းကို မေ ၅ ရက်မှ ဇွန် ၆ ရက်အထိ တစ်လကြာ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့် ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၇

**မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့်ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ရှိ Auditorium ခန်းမ၌ ကျင်းပသည်။**

အဆိုပါပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ်မှ ငလျင်ဘေးသင့်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ MRTV နှင့် China Media Group (CMG) တို့မှ အဆိုရှင်များ၊ တေးသံရှင် ရဲထိုက်နှင့် ကျောင်းသား ကျောင်းသူများက “လက်တွဲတိုက်ဖျက်မျှော်လင့်လျက်” တေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး “အင်အားပြင်းထန်မြေလျှင်ဒဏ်ကို ရင်ဆိုင်ကျော်လွှားပြီး ပိုမိုကောင်းမွန်သော အနာဂတ်နေ့ရက်များသို့ လျှောက်လှမ်းမည့် “မြန်မာ”” မှတ်တမ်းဗီဒီယိုကို ပြသသည်။



မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့်ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမှာစကားပြောကြားစဉ်။

ထို့နောက် ငလျင်ဒဏ်ကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက တစ်မိနစ် ငြိမ်သက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ငလျင်လှုပ်ခတ်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးနှင့် အစောဆုံးရောက်ရှိလာပါကြောင်း၊ အဆိုပါအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အသက်ရှင်လျက် လေးဦးနှင့် သေဆုံးသူ ၆၄ ဦးအား သက်ဆိုင်ရာမိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့ပါကြောင်း၊ တရုတ်ဆေးဘက်ဆိုင်ရာ အဖွဲ့များအနေဖြင့် ဆေးဝါးနှင့်ပစ္စည်းကိရိယာများ အစုံအလင်သယ်ဆောင်လာပြီး ငလျင်ဘေးသင့်မှုများပြားသည့် မန္တလေးမြို့၌ Mobile Clinic တည်ဆောက်ကာ ဒဏ်ရာရသူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိုသို့ ငလျင်ဘေးသင့်ဒေသများတွင် ဆေးဝါးကုသပေးမှုများအပြင် ပြင်းထန်သည့်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများ၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်မှုများကိုလည်း စေတနာထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ မြန်မာ - တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးထူထောင်မှု (၇၅)နှစ်ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဇွန် ၁ ရက်က နေပြည်တော် Park Royal Hotel ၌ နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲများ စီစဉ်ကျင်းပခဲ့ပါကြောင်း။

ဇွန် ၈ ရက်တွင် မြန်မာ - တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါစိန်ရတုအထိမ်းအမှတ်အခမ်းအနားကိုလည်း အနှစ်သာရရှိစွာ၊ ထည်ဝါစွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းရှည်လျားသည့် ချစ်ကြည်ရင်းနှီးမှုကို အခိုင်အမာတည်ဆောက်ထားပြီးဖြစ်၍ အနာဂတ်ကာလများတွင်လည်း နှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် တူညီသည့်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှုများ ဆက်တိုက်ဖြစ်ပေါ်ခံစားကြရမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းတောင်းသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများလည်း ကျန်းမာရွှင်လန်းပြီး ထာဝရငြိမ်းချမ်းသာယာကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်သံအမတ်ကြီးက မြန်မာနိုင်ငံတွင် မြေငလျင်လှုပ်ခတ်ပြီးနောက် တရုတ်အစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးကူညီသောလက်တစ်စုံကို ကမ်းလှမ်းပေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံမှ အစိုးရကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့နှင့် အရပ်ဘက်ကယ်ဆယ်ရေးအဖွဲ့ ၃၀ နီးပါးမှ စုစုပေါင်းအဖွဲ့ဝင် ၆၀၀ ကျော်သည် နေ့မအား၊ ညမနားလာရောက်ကူညီခဲ့ကြပါကြောင်း၊ ယွမ် ၁ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၃ သန်း) တန်ဖိုးရှိသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အချိန်တိုအတွင်း အရောက်ပို့ဆောင်ပေးခဲ့ပြီး မြန်မာ-တရုတ် “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေးသံယောဇဉ်နှင့် အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို လက်တွေ့လှုပ်ရှားမှုများဖြင့် ဖော်ပြခဲ့ပါကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ် ပြည့်မြောက်ခြင်းကို သမိုင်း၏စမှတ်အဖြစ်ခံယူပြီး ရှေ့သို့လျှောက်လှမ်းကြပါစို့ဟု ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ တရုတ်သံအမတ်ကြီး မစ္စမာကျား မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့်မှတ်တမ်းဓာတ်လမ်းတိုများ ပေးအပ်စဉ်။



တရုတ်သံအမတ်ကြီး မစ္စမာကျား ငလျင်ဘေးသင့် အိမ်ထောင်စု ၁၁ စုနှင့် ပညာရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၁၁၀ တို့အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ထို့နောက် တရုတ်နိုင်ငံ CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့် ရုပ်သံမှတ်တမ်းဆိုင်ရာ Promo ကိုပြသပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ တရုတ်သံအမတ်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသရန် CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့်မှတ်တမ်းဓာတ်လမ်းတိုများကို ပေးအပ်သည်။

ယင်းနောက် တရုတ်သံအမတ်ကြီး၊ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး မစ္စလင်ရွှမ်နှင့် CMG မှ မစ္စမို့လျှောင်ရှင်းတို့က တပ်ကုန်းမြို့နယ်မှ ငလျင်ဘေးသင့်မှုကြောင့် နေအိမ်အဆောက်အအုံထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၁ စုနှင့် ပညာရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၁၁၀ တို့အတွက် ထောက်ပံ့ပစ္စည်းများကို ကိုယ်စားလှယ်များထံ ပေးအပ်သည်။ ဆက်လက်၍ MRTV နှင့် CMG တို့မှ အဆိုရှင်များနှင့် တေးသံရှင် ရဲထိုက်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာကြသည့် ပရိသတ်များအား မြန်မာ - တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မေးခွန်းများ မေးမြန်းခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ကာ တေးသီချင်းများဖြင့် ဆက်လက် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်သံအမတ်ကြီးတို့က တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဆိုရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများသည် တက်ရောက်လာကြသူများနှင့် အတူ MRTV ရှိ သတင်းခန်းများ၊ ရေဒီယိုနှင့် ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ စတူဒီယိုများ၊ Virtual Studio ၌ တရုတ်တေးသီချင်းများနှင့် ယူနန်ပြည်နယ်တွင် သွားရောက် ရိုက်ကူးခဲ့သည့် ကော်ဖီအစီအစဉ်အတွက် အဖွင့်ရိုက်ကူးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထုတ်လုပ်ထားသည့် “စူးစမ်းရှာဖွေနည်းပညာအမွေ” သိပ္ပံနည်းပညာ ဗီဒီယိုမှတ်တမ်းနှင့် “သစ်ပင်ပေါ်ကအိမ်ငယ်လေး” လူငယ်ရုပ်ရှင်ဇာတ်ကားများကို ပြသခဲ့ရာ တပ်ကုန်းမြို့နယ်ရှိ ငလျင်ဘေးသင့်ပြည်သူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း၊ ယနေ့အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Chin Media Group (CMG) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ တတိယအကြိမ် ကောဒသမ ပုံမှန်အစည်းအဝေး(၂/၂၀၂၅) ကျင်းပ





**နေပြည်တော် ဇွန် ၇**

မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် လိုင်စင်ရရှိပြီးသူများသည် အင်ဂျင်နီယာလုပ်ငန်းနှင့်ပတ်သက်သည့်ပုံများ၊ ဒီဇိုင်းများတွင် လက်မှတ်ရေးထိုးနိုင်ခြင်း၊ အစိုးရစီမံကိန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ခြင်း၊ ဥပဒေအရ အင်ဂျင်နီယာဟု တရားဝင်ခေါ်ခွင့်ရခြင်း၊ အများပြည်သူဘေးကင်းရေး အရေးကြီးသောစနစ်များတွင် တာဝန်ယူရခြင်းများ ဆောင်ရွက်နိုင်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားသည်။(ယာပုံ)

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တတိယအကြိမ် ကောဒသမပုံမှန်အစည်းအဝေး(၂/၂၀၂၅)တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီးက Virtual ဖြင့် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ကောင်စီ၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာ အစီအစဉ်အရ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက ကောင်စီဒသမ ပုံမှန်အစည်းအဝေး(၁/၂၀၂၅)မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့်ကိစ္စရပ်များအပေါ်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးက လုပ်ငန်းကော်မတီ(၈)ရပ်၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ကောင်စီ၏ဘဏ္ဍာရေး ရှင်းတမ်းကိုလည်းကောင်း၊ ကောင်စီနာယကကြီးများက ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး)များ ဖြန့်ဝေပေး

**မုံရွာ ဇွန် ၇**

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး (ဒေါင်းငါး)များ ဖြန့်ဝေပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (အလုံ) ရှိ ကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး) များ ဖြန့်ဝေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးဦးစီးမှူးများထံ ခြင်စားငါး(ဒေါင်းငါး) များ ဖြန့်ဝေပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ ဂေါပကအဖွဲ့များနှင့်တွေ့ဆုံပြီး စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။



ယင်းနောက် မုံရွာမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း(အလုံ) ကျောင်းဝင်းအတွင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များ ပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ITPEC Exam အောင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဇွန် ၇**

၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ၇ နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ ပေးအပ်သွားမည် ဖြစ်သည်။

အဆိုပါအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်မည့်အောင်မြင်သူများသည် https://forms.gle/TWC8vxAwPy7ayEAE8 Link မှ ဝင်ရောက်၍ ဇွန် ၂၀ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကာ စာရင်းပေးသွင်းထားခြင်း မရှိသူများအား ထိုအခမ်းအနားတွင် အောင်လက်မှတ်ပေးအပ်မည်မဟုတ်ဘဲ သီးသန့်ထုတ်ယူရမည်ဖြစ်သည်။

သင်တန်းကျောင်းများမှ အောင်မြင်သူများသည် မိမိတို့ သက်ဆိုင်ရာသင်တန်းကျောင်းများမှတစ်ဆင့် အောင်လက်မှတ်ပေးပွဲတက်ရောက်ရန် သတင်းပေးပို့ရမည်။

အောင်လက်မှတ် တက်ရောက်မယူသောသူများသည် ဇူလိုင် ၁၄ ရက်မှ စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း၊ အဆောင် ၁၄ ၊ ၂ လွှာ၊ MICT Park ဖုန်း ၀၁-၉၃၃၉၂၂၀၊ ၀၉-၄၀၈၈၃၃၂၂၀ နှင့်သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လာရောက်ထုတ်ယူနိုင်သည်။

ပြည်နယ်တိုင်းဒေသကြီးများမှ အောင်မြင်သူများသည် မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၇၁၉၉၉၁၈၊ မကွေးတိုင်းဒေသကြီး ဖုန်း ၀၉- ၅၃၄၁၁၅၀၊ ကရင်ပြည်နယ် ဖုန်း ၀၉-၅၁၃၆၄၁၇ ရှိ အသင်းရုံးများသို့ ဆက်သွယ်ပြီး အောင်လက်မှတ်များ ထုတ်ယူနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မန္တလေးမြို့၌ ဈေးကားများဖြင့် ကုန်မျိုးစုံများကို သက်သာသော ဈေးနှုန်းများဖြင့် ၆၈ ရက်မြောက် လှည့်လည်ရောင်းချ

**နေပြည်တော် ဇွန် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများကို မန္တလေးမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၆၈ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၇ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၄ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား သုံးပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပိ ၁ ပိဿာ ၂၅ ကျပ်သား၊ ငါးနီတူ ခြောက် ၁၀ ကျပ်သား ငါးထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သား လေးထုပ်၊ ကြက်ဥအလုံး ၁၇၁၀၊ ဘဲဥ ၆၂၈ လုံးနှင့် ခေါက်ဆွဲခြောက် ၃၆ ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်နေရာ၌ သစ်ပင်စိုက်ပျိုးစဉ်။

မန္တလေး ဇွန် ၇

**မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၅ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီခွဲက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က သတ်မှတ်သစ်ပင်များ စိုက်ပျိုးပေးကာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ ယနေ့သစ်ပင်စိုက်ပွဲတွင် စုစုပေါင်း ပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်

**စစ်တွေ ဇွန် ၇**

၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက စစ်တွေတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများရေရှည်တည်တံ့စေရေး၊ မြို့ပြသစ်တောများနှင့် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး၊ မြစ်ချောင်းနှင့် ဆည်တာတမံများရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး အတွက် ရေဝေရေလဲသစ်တောများ တည်ထောင်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ မျိုးဆက်သစ်လူငယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဌာနဆိုင်ရာများအား စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်ကာ **(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပိတောက်၊ တမလန်း၊ ပျဉ်းကတိုးနှင့် ခရေပင်များကို စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပိတောက်၊ တမလန်း၊ ပျဉ်းကတိုး၊ ခရေ၊ ရေသင်းဝင်၊ အင်ကြင်း စသည့် သစ်ပင်ပေါင်း ၁၀၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဟွေဟိကျေးရွာအနီးရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇွန် ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဟွေဟိကျေးရွာအနီးရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းခွန်ကျေးရွာအုပ်စုရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ နမ့်ဝုတ်ချောင်းမှ ရေရရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုနှင့် ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပို့လွှတ်ပေးနေမှု လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် (၆၁)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် (၆၁)ကြိမ်မြောက် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မိုးပျံပူပေါင်းများအား သေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသမီး ပစ္စတိုထိလဲ စွမ်းရည်ပြပစ်ခတ်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၁၄ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက် လေးကျွန်းမာရ် အောင်မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများနှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီး၏ငှက်ပျောဖူးအား အပိုင်းလိုက်ဖျက်၍ ရထားပျံဖြင့် မြေသို့ပင့်ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြေသားညှိခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သာသနိကအဆောက်အအုံများ၊ ဥမင်သုံးဆယ်စေတီတော်၌ သာသနိကအဆောက်အအုံများ၊ ပိတောက်ချောင်ကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သကျဓိတာသီလရှင်စာသင်တိုက်ရှိ သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မိုးမကျမီ စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နန်းဦးမြို့သစ် လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်တွင် သံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အာကစားကွင်းအတွင်းရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်အား မိုးမကျမီစက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများ၊ ယာယီစာသင်ဆောင်များ ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝန်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ရှိ ၃၂ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ကစ္စနမဟီရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများနှင့် နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အတွက် ကူညီကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ကစ္စနမဟီရပ်ကွက်၊ ရွှေချည်ထိုးရပ်ရှိ အန္တရာယ်ရှိ အဆောက်အအုံသည် ၃၅ လမ်း ခုံးကျော်တံတားနှင့် ကပ်လျက်ဖြစ်သည့်အတွက် ခုံးကျော်တံတားနှင့် အနီးရှိအဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်း အခြေအနေများ၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဆက်လက်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများ၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်း လက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းရာမှ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးရှိအဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းရှိ အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများမှ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စာသင်ဆောင်အခန်းများအား ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ အင်တိုက်အားတိုက်ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၆လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံအား စက်ယန္တရားကြီးများ အသုံးပြု၍အင်တိုက်အားတိုက်ဖြိုချရှင်းလင်းနေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီသုံးခန်းတွဲ လိုင်းခန်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ အသစ်ထပ်မံဆောက်လုပ်ပေးမည့် မြေနေရာများနှင့် ခရိုင်အသေးစား စက်မှုလက်မှုရုံးဝင်းအတွင်း၌ Modular Container House များဖြင့် (ယာယီ)ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံအနောက်ဘက်၌ ဆည်မြောင်းဦးစီးဌာနမှ ဇော်ဂျီမြစ်ရေထိန်းတာပေါင်လုပ်ငန်းများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းနှင့် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာအုပ်စု ဘဏ္ဍာကျေးရွာရှိ ရွှေမြင်တင်ဘုရားကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးပြန်လည်ပြုပြင်မွမ်းမံမည့် အစီအမံများနှင့် ရေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်အတွင်း မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဇွန် ၅ ရက်က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ဝေးမြို့နယ်အတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်သုံးစွဲရေးအတွက် အသိပညာပေးခြင်းနှင့် အိမ်သာခွက်များ ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများက စမတောင်၊ ဝက္ကမူ၊ အေလာ၊ သာဝတ္ထိ၊ သဲကောကြီးကျေးရွာများအတွက် အိမ်သာခွက်နှင့် ပိုက်အစုံ ၆၆၀ ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် သပြေပင်ကျေးရွာရှိ ဧကရီ ဝက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုကာ လုပ်ငန်းများ တိုးချဲ့နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ရွာချောင်းကျေးရွာ ကွင်းအမှတ်(၁၈၀၁)၊ တောင်သူဦးမြင့်ကို၏ နွေစပါးသီးနှံ ၁၀ ဧကနှင့် တောင်သူ ဦးမောင်မောင်၏ နွေစပါး ၁၀ ဧကတို့ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများကို ကွင်းဆင်း ကြည့်ရှုအားပေးသည်။




ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လက်ရှိ ဆောင်ရွက်နေသည့် မွေးမြူရေးစနစ်များမှ အသားအထွက်နှုန်း၊ ဥအထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ရန် အဆင့်မြင့် မွေးမြူရေးစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ မွေးကုဆရာဝန်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)

ဝင်းဇင်(သုတေသန)

**ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၁ ရက်အထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ဦးအား စစ်ဆေးခဲ့ရာ၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိမှု ၀ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။ အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)တွေ့ရှိမှု မြင့်တက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် အထူးဂရုစိုက်သွားရန် လိုအပ်ပေသည်။**


၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကို ကူးစက်ပျံ့နှံ့မှုနှင့် သေဆုံးမှုနှုန်း မြင့်မားလာသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ လူအမြောက်အမြား သေဆုံးပြီး စီးပွားရေးလုပ်ငန်းများစွာကိုလည်း ထိခိုက်ခဲ့သည်။ ကလေးများလည်း ပညာသင်ယူမှု နှောင့်နှေးခဲ့ရသည်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC) ကူးစက်ပျံ့နှံ့နေဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မတ် ၂၃ ရက်မှစ၍ အတည်ပြုလူနာ နှစ်ဦး စတင်တွေ့ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်အထိ ဓာတ်ခွဲစစ်ဆေးမှု ၁၂၅၇၈၉၂၃ ဦးရှိပြီး အတည်ပြုလူနာ ၆၄၃၂၆၆ ဦးနှင့် သေဆုံးသူ ၁၉၄၉၄ ဦး ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခဲ့ပြီး သေဆုံးမှုမရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အတည်ပြုလူနာများ ပြန်လည်တွေ့ရှိလာရသဖြင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ လိုက်နာသွားလာနေထိုင်ရန် လိုအပ်ပေသည်။

**ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)**

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် အိုမီခရွန် JN.1 မျိုးဆက်မှ ဆင်းသက်လာသော KS.1.1 နှင့် KP.3.3 ဗီဇပြောင်းမျိုးကွဲများ ပေါင်းစပ်ထားသည့် ဗီဇပြောင်းမျိုးကွဲ (Recombinant)ဖြစ်ပြီး ပထမဆုံးနမူနာကို ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ရယူခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စောင့်ကြည့်လျက်ရှိသော ဗီဇပြောင်းမျိုးကွဲ ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်အထိ နိုင်ငံပေါင်း ၅၀ မှ နမူနာ ၁၃၃၃၁ ခုကို တင်သွင်းခဲ့သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်နှင့် နိုဝင်ဘာလ ပထမပတ်တို့တွင် ကူးစက်မှုနှုန်း ၂၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုဝင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်တွင် ကူးစက်မှုနှုန်း ၃၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ပျံ့နှံ့မှုသိသိသာသာ မြင့်တက်လာခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ဒေသသုံးခု (အနောက်ပစိဖိတ်ဒေသ၊ ဥရောပဒေသ၊ အမေရိကန်ဒေသ)တွင် ပျံ့နှံ့မှုတိုးလာနေသော တစ်ခုတည်းသော ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။




စကားပြောသည့်အခါ ၆ ပေခွာ၍ စကားပြောရန် အသိပေးထားစဉ်။

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် လက်ရှိတွင် ကမ္ဘာတစ်ဝန်း စောင့်ကြည့်လျက်ရှိသော SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)ပျံ့နှံ့မှုနှုန်းသည် မြန်ဆန်သော်လည်း လူ့ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို ဝင်ရောက်နိုင်သည့် စွမ်းရည်နည်းပါးသည်။ ထို့ကြောင့် အိုမီခရွန်(XEC)သည် ဖြစ်ပွားမှုများ တိုးလာသော်လည်း အခြားမျိုးကွဲများထက် ပြင်းထန်မှုမရှိကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ သုတေသနမှတ်တမ်းများအရ အိုမီခရွန်(XEC)၏ ကူးစက်ပျံ့နှံ့မှုသည် အခြားအိုမီခရွန်မျိုးကွဲများနှင့် နှိုင်းယှဉ်ပါက လူထုကျန်းမာရေးအတွက် ကြီးမားသောအန္တရာယ်မရှိဟု သုံးသပ်ထားကြသည်။ ထို့ပြင် လက်ရှိထိုးနှံလျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည်လည်း ဤမျိုးကွဲကို ခုခံနိုင်စွမ်း(cross-reactive)ရှိပြီး ရောဂါလက္ခဏာပြင်းထန်မှုနှင့် ပြင်းထန်ရောဂါအခြေအနေများကို ကာကွယ်နိုင်သည်။

**ဒေသတွင်းနိုင်ငံများကူးစက်ပြန့်ပွား**

သို့သော် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ အိုမီခရွန်မျိုးကွဲသစ်(XEC) ကူးစက်မှုနှုန်းသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၄ ရက်အထိ ရောဂါကူးစက်သူဦးရေ ၇၁၀၉၇ ဦးရှိပြီး သေဆုံးသူ ၁၉ ဦးရှိကြောင်း ထိုင်းနိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရသည်။ ရောဂါဖြစ်ပွားမှုသည် ထိုင်းနိုင်ငံ၏ သင်္ကြန်ရေကစားပွဲ(Songkran) ကျင်းပသောကာလတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါဖြစ်ပွားသူဦးရေ တိုးတက်လာခဲ့သည်။ အလားတူ စင်ကာပူ၊ တရုတ်(ဟောင်ကောင်)၊ တရုတ်နိုင်ငံတို့တွင်လည်း ကူးစက်ပြန့်ပွားလျက်ရှိသည်။ စင်ကာပူနိုင်ငံ၌ ၂၀၂၅ ခုနှစ် မေ ၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၀၀ အထိရှိခဲ့သည်။ အိုမီခရွန်မျိုးကွဲသစ်(XEC)သည် ရောဂါပြင်းထန်မှု နည်းပါးသော်လည်း ကူးစက်မှုနှုန်း မြန်ဆန်သည့်အတွက် သတိထားစောင့်ကြည့်သွားရန် လိုအပ်သည်။

**လိုက်နာဆောင်ရွက်ရန်လို**

နှစ်ခြိုက်စွာ အိပ်စက်အနားယူခြင်းသည်လည်း ကိုယ်ခံအားစနစ် ကောင်းမွန်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အိမ်ရေးဝအောင် အိပ်စက်အနားယူခြင်းသည် ကိုယ်ခံအားစနစ်အတွက် အရေးပါသောဆဲလ်များ ထုတ်ပေးသည်။ လုံလောက်စွာ အိပ်စက်အနားယူခြင်းသည် ကူးစက်ရောဂါပိုးတိုက်ဖျက်ရာ၌ များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းသည် နှလုံး၊ ကြွက်သားနှင့် အရိုးများ ကြံ့ခိုင်သန်မာရေးအတွက် များစွာအထောက်အကူပြုပေသည်။ ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ခံစားမှုကိုလည်း ပိုမိုတိုးတက်စေသည်။ နေ့စဉ် မိနစ် ၂၀ လောက် ကိုယ်လက်လှုပ်ရှားမှု လုပ်ဆောင်ခြင်းသည် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။ ကျန်းမာကြံ့ခိုင်ပြီး သွက်သွက်လက်လက် လှုပ်ရှားခြင်းသည် သွေးလည်ပတ်မှု မြန်ဆန်စေသည့်အပြင် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။

လက်မှန်မှန်ဆေးကြောသည့် အလေ့အထသည် လွယ်မယောင်နှင့် ခက်ပါသည်။ မိသားစုတစ်စုသည် ယခင်ကတည်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှသာလျှင် လက်ဆေးကြောသည့် အလေ့အထရှိနိုင်သည်။ အထူးသဖြင့် အိမ်သာမှထွက်ချိန်၊ အပြင်မှ ပြန်ရောက်ချိန်၊ ပစ္စည်းတစ်ခုခုကိုကိုင်တွယ်ပြီးချိန်တို့တွင် လက်ဆေးကြောဖို့ လိုပါသည်။ လက်ရှိကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးသည် အရာဝတ္ထုများတွင် ကပ်ပြီး အသက်ရှင်သန်နိုင်သဖြင့် ထိုအရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ပြီး လက်ဆေးရန် မေ့လျော့နေမည်၊ ပျင်းရိနေမည်ဆိုလျှင် ရောဂါပိုးကူးစက်ခံရဖို့ ရာခိုင်နှုန်းအတော်လေး များနေပြီဖြစ်သည်။ လက်ဆေးကြောရာတွင်လည်း ဆပ်ပြာမပါဘဲ ရေနှင့်ဖြစ်သလို ဆေးကြောနေမည်ဆိုလျှင် ရောဂါပိုးအန္တရာယ်မှ ကာကွယ်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးဌာနက အကြံပြုထားသည့်အတိုင်း လက်ကိုဆပ်ပြာ၊ သို့တည်းမဟုတ် Handjel တို့ဖြင့် သေချာစွာ ပွတ်တိုက်ဆေးကြောသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိကျန်းမာရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သလို မိမိမိသားစုနှင့် နိုင်ငံသားအားလုံး၏ ကျန်းမာရေးအတွက် လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။

အထူးသဖြင့် နှာချေ၊ ချောင်းဆိုးခြင်းများကို လက်ကိုင်ပဝါနှင့် တစ်ရှူးအုပ်ပြီးမှသာ လုပ်ဆောင်ခြင်း၊ အသုံးပြုပြီး တစ်ရှူးများကို အမှိုက်ပုံးထဲ စွန့်ပစ်ခြင်း၊ လူစည်ကားရာနေရာများသို့ မလွှဲမရှောင်သာသွားရမည်ဆိုလျှင် ပါးစပ်၊ နှာခေါင်းစည်း တပ်ထားခြင်း၊ ဖျားနာနေလျှင် အိမ်၌သာ အနားယူနေခြင်း၊ ဖျားနာပြီးမောနေလျှင်၊ အသက်ရှူကျပ်လျှင် ဆရာဝန်နှင့် ချက်ချင်းပြသခြင်း၊ ဖျားနာနေလျှင် ခရီးသွားလာမှုကို ရှောင်ရှားခြင်း၊ ဖျားနာနေသူများထံသို့ သွားရာမှ ပြန်လာလျှင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကို မပျက်မကွက်လုပ်ဆောင်သင့်ပါသည်။

**တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC) ကူးစက်မှုကို ကာကွယ်ရန်အတွက် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောခြင်း၊ လူစုလူဝေးများကို ရှောင်ရှားခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် အခြေခံလိုက်နာရမည့် အချက်များကို ဆက်လက်လိုက်နာကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အားဖြည့်ကာကွယ်ဆေး ထိုးနှံထားသူများတွင် ပြင်းထန် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံအောင် ပိုမိုဆောင်ရွက်ခြင်းဖြင့်လည်း တစ်ကျော့ပြန် ခေါင်းထောင်လာသော အိုမီခရွန်မျိုးကွဲသစ် (XEC) ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ အိုမီခရွန်မျိုးကွဲသစ်(XEC) ကူးစက်မှုနှုန်းသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၄ ရက်အထိ ရောဂါကူးစက်သူဦးရေ ၇၁၀၉၇ ဦးရှိပြီး သေဆုံးသူ ၁၉ ဦးရှိကြောင်း ထိုင်းနိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရ**

❖ **အထူးသဖြင့် အိမ်သာမှထွက်ချိန်၊ အပြင်မှပြန်ရောက်ချိန်၊ ပစ္စည်းတစ်ခုခုကို ကိုင်တွယ်ပြီးချိန်တို့တွင် လက်ဆေးကြောဖို့ လိုပါသည်။ လက်ရှိကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးသည် အရာဝတ္ထုများတွင် ကပ်ပြီး အသက်ရှင်သန်နိုင်သဖြင့် ထိုအရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ပြီး လက်ဆေးရန် မေ့လျော့နေမည်၊ ပျင်းရိနေမည်ဆိုလျှင် ရောဂါပိုးကူးစက်ခံရဖို့ ရာခိုင်နှုန်းအတော်လေးများနေပြီဖြစ်**

# ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ ပန်းခင်းစီမံချက် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ လဝကမှူး ဦးငွေကျော်ဦးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ဥသျှစ်မြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြည်သူများအား ပြည်တော်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လဝကမှူး၊ လက်ထောက် လဝကမှူး ဦးကျော်သီဟစိုးနှင့် လက်ထောက် လဝကမှူး ဦးကျော်သန်းထွန်းတို့က ဥသျှစ်ပင်မြို့အတွင်းရှိအိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် ရပ်ကွက်နေပြည်သူများအား လိုအပ်သောသက်သေခံ အထောက်အထားများနှင့် စာရွက်စာတမ်းများ စိစစ်၍ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို ပြုလုပ်ပေးသည့်အပြင် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် ရွှေ့ပြောင်းနေထိုင်သူများကိုလည်း ကော်မတီဖြင့်စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# မအူပင်မြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**မအူပင် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်း မင်းရောတံတားအနီး တိုးမြစ်အတွင်း၌ ဆောင်ရွက်သည်။

အဆိုပါ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း (ရေပြင်ရှာဖွေကယ်ဆယ်ခြင်း) ဆောင်ရွက်နေမှုများကို မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးငွေ၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးသီဟကိုကို တို့က ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)



# တွံတေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**တွံတေး ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်သစ်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တက်သစ်ကျေးရွာ၌ အရှည် ၁၁၈၁ ပေ၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် လအလိုက် ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး**

အဆိုပါ တက်သစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သန်း ၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၃၅ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ၂၀၂၅ ခုနှစ် မေလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်နိုင်

# မိုင်းပန်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မိုင်းပန် ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဝိုးလိုင်းကျေးရွာအုပ်စု (၃)မိုင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စွာဝင်းနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်တို့က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမိုးနှင့် ဒေသခံပြည်သူများထံ ပေးအပ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကျွန်း ၆၀၀၊ မဟော်ဂနီ ၂၀၀၊ စိန်ပန်းနီ ၂၀၀၊ မဲဇလီ ၂၀၀ စုစုပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# တောင်ကြီးမြို့နယ် ဖာမွန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**တောင်ကြီး ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဖာမွန်း(တောင်) ကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက ဖာမွန်း(တောင်)ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖာမွန်း(တောင်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသား အသင်းသူ၇၉ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၀၅ သိန်းအား အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂



# သထုံမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**သထုံ ဇွန် ၇**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် ခရိုင်ပညာရေးမှူး ဦးခဲမိုင်းတို့က ခရိုင်အဆင့် စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိကြသည့် ပေါင်မြို့နယ်မှ အထက(ပေါင်)ကျောင်းနှင့် ပေါင်မြို့နယ်မှ မူလွန်(ကဒါဈေး) ကျောင်းတို့ကို ဂုဏ်ပြုဆုချီးမြှင့်ပေးကြသည်။

ခရိုင်(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မချမ်းဘောမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇွန် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် ပူတာအိုမြို့သို့ ရောက်ရှိနေသော ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မချမ်းဘောမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မချမ်းဘောမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခန်ဂျီကျေးရွာသို့ ရောက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သိန်း ၂၀ ရင်းနှီးမတည်ပေးမှုဖြင့် အကျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပိုင်ရှင်ဒေါ်အင်ခရီးယွန်ဂျီ၏ နေအိမ်ခြံဝင်းအတွင်းနှင့် ပိုင်ရှင်ဦးဖားအောင်၏ နေအိမ်ခြံဝင်းများအတွင်း ဒေသဝက်များ မွေးမြူထားရှိမှု အခြေအနေများနှင့် မိသားစုစားသောက်ရေးအတွက် တစ်ပိုင်တစ်နိုင် မုန်ညင်းဆီကြိတ်စက်ဖြင့်ကြိတ်ခွဲလည်ပတ်ထုတ်လုပ်နေမှုနှင့် ခြံဝင်းမြေကွက်များတွင် စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဝက်မွေးမြူရေးလုပ်ငန်းများ တိုးတက်မွေးမြူနိုင်ရေးနှင့် ရန်ပုံငွေများ တိုးမြှင့်ချထားပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နမ့်ခမ်းကျေးရွာသို့ သွားရောက်ခဲ့ကြပြီး အဆိုပါကျေးရွာအတွင်း မွေးမြူရေးတောင်သူ ၁၃ ဦး အစုအဖွဲ့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သိန်း ၁၀၀ ရင်းနှီးမတည်ပေးမှုဖြင့် ငါးမွေးမြူရေးကန်များ၌ စီးပွားဖြစ်ငါးသားပေါက်များနှင့် ဒေသငါးများ စိုက်ထည့်မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့မရပ်ကွက် နမ်ထွမ်ချောင်း ရေတိုက်စားမှုကြောင့် ယာယီရေထိန်းနံရံ တည်ဆောက်နိုင်ရေး ရပ်ကွက်သူ ရပ်ကွက်သားများက ဝါးဖြင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကာ ယာယီတည်ဆောက်မှုအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်နိုင်ရေးအတွက် အမြန်ဆုံးတွက်ချက်တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၏ အနီးကပ်ကြီးကြပ်စီစဉ်မှုဖြင့် နောင်မွန်နှင့် ခေါင်လန်ဖူးမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မိသားစုများက ပေးပို့လှူဒါန်းလာသော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ မုန့်မျိုးစုံနှင့် အသင့်စား စားသောက်ဖွယ်ရာများအား ပူတာအိုမြို့မှ ဇွန် ၅ ရက်တွင် မော်တော်ယာဉ်များဖြင့် ပူတာအို-မချမ်းဘော- မဂွေဇ - ရပ်ဘော့ - နောင်မွန်လမ်းအတိုင်း သွားရောက်ခဲ့ကြပြီး မဂွေဇမှတစ်ဆင့် မဂွေဇ-ရီဒမ်း-ခေါင်လန်ဖူး လမ်းအတိုင်း ရီဒမ်းကျေးရွာသို့လည်းကောင်း၊ ရပ်ဘော့မှတစ်ဆင့် ပန်နန်းဒင်လမ်းအတိုင်း ပန်နန်းဒင်မြို့သို့ လည်းကောင်း အဆိုပါဒေသများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ONE Friday Fights 111 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက် ထိုင်းဖိုက်တာ ပက်ဝီချစ်ကို ဒုတိယအကြိမ် အနိုင်ယူ

ရန်ကုန် ဇွန် ၇

**ONE Friday Fights 111 ပြိုင်ပွဲကို ဇွန် ၆ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ ဆွန်ရက်သည် ထိုင်းဖိုက်တာပက်ဝီချစ်ကို အမှတ်ဖြင့် အနိုင်ယူခဲ့သည်။**

ဆွန်ရက်သည် ပြိုင်ဘက် ဟောင်းဖြစ်သူ ထိုင်းနိုင်ငံသား ပက်ဝီချစ်နှင့် ထိုးသတ်ခဲ့ရပြီး ပထမအကြိမ် တွေ့ဆုံရာတွင် အမှတ်ဖြင့် အနိုင်ရခဲ့သလို ယခုပွဲတွင်လည်း အမှတ်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဆွန်ရက်သည် အမှတ်ရနိုင်သည့် လက်သီးချက်များ အချီတိုင်း ပစ်သွင်းနိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် သိသိသာသာ အသာရခဲ့ခြင်း ဖြစ်သည်။

ဆွန်ရက်သည် ONE နှင့် ၁၂ ပွဲမြောက် ထိုးသတ်ရာတွင် ခုနစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

**သော်လေး၊**
**ဓာတ်ပုံ-ONE Championship**



ဆွန်ရက်နှင့် ပက်ဝီချစ် ထိုးသတ်စဉ်။

## ❖ *ကျောဖုံးမှ*


ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၉-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## ❍ *ကျောဖုံးမှ*

**နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။**

တာဝန်သိ ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် မေလအတွင်း သတင်းရရှိမှု ၁၁၄ ကြိမ် ရရှိခဲ့ပြီး သတင်းမှားခြောက်ကြိမ်၊ နောက်ကျသတင်းသုံးကြိမ်နှင့် ဖမ်းဆီးရမိမှုသတင်းမှန် ၁၀၅ ကြိမ်ဖြစ်ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ(၂၉၉)မှု ဖွင့်လှစ်ထားရာ ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၇၂ မျိုး အပါအဝင် ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် (၁၂၉၇၂ ဒသမ ၅၁၅) သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် မေလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် (၁၂၉၇၂ ဒသမ ၅၁၅) သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၅၉၄ ဒသမ ၅၀၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးပိုလာမည်

**နေပြည်တော် ဇွန် ၇**-နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အီလွန်မက်စ်နှင့် အဆင်မပြေဖြစ်နေသည့်အတွက် ထရမ့်က ၎င်း၏တက်စလာကားကို ရောင်းချမည်

**နယူးယောက် ဇွန် ၇**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် မတ်လအတွင်းက ဝယ်ယူခဲ့သည့် တက်စလာကားကို ရောင်းချရန် အစီအစဉ်ရှိသည်ဟု ဇွန် ၆ ရက်က နယူးယောက်တိုင်းမ်စ်သတင်းစာတွင် ဖော်ပြထားသည်။

ထရမ့်သည် မူလက အီလွန်မက်စ်ကိုထောက်ခံကြောင်း ပြသရန် အဆိုပါကားကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု နယူးယောက်တိုင်းမ်စ်တွင် ဖော်ပြထားသည်။ အီလွန်မက်စ်က ထရမ့်နှင့် ကတောက်ကဆတ်ဖြစ်ပွားမှုကို အရှိန်လျှော့ချလိုကြောင်း လမ်းဖွင့်ပေးသည့် အခါတွင်မူ ထရမ့်က အီလွန်မက်စ်နှင့် ထိတွေ့ဆက်ဆံရန် စိတ်ဝင်စားမှု အနည်းငယ်သာရှိတော့ကြောင်း အုပ်ချုပ်ရေး တာဝန်ရှိသူများက ပြောသည်။

ဇွန် ၅ ရက်နှောင်းပိုင်းက နာဆာမှ အာကာသယာဉ်မှူးများနှင့် နိုင်ငံတကာအာကာသစခန်းသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးနေသည့် SpaceX ၏ဒရက်ဂွန်အာကာသယာဉ်အား ချက်ချင်းရပ်ဆိုင်းရန် ခြိမ်းခြောက်မှုကို အီလွန်မက်စ်က ပြန်လည်ရုပ်သိမ်းခဲ့သည်။ အီလွန်မက်စ်အတွက် ကာလရှည်ကြာ ထရမ့်နှင့် အဆင်မပြေဖြစ်နေခြင်းသည် ကုန်ကျစရိတ်ကြီးမားလိမ့်မည်ဟု ဖော်ပြထားသည်။

SpaceX အပါအဝင် ၎င်း၏ကုမ္ပဏီများသည် အစိုးရစာချုပ်များတွင် ဒေါ်လာဘီလီယံပေါင်းများစွာ အကျိုးအမြတ် ရရှိခဲ့သည်။ အဆိုပါ စာချုပ်များကို အဆုံးသတ်ရန် ထရမ့်က ဇွန် ၅ ရက်က ခြိမ်းခြောက်ခဲ့သည်။ အီလွန်မက်စ်နှင့် အဆင်မပြေမှုသည် ထရမ့်အတွက်လည်း အန္တရာယ်များကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် ထရမ့်ကို ကူညီရန် အီလွန်မက်စ်က အမေရိကန်ဒေါ်လာ ၂၇၅ သန်း သုံးစွဲခဲ့သည်။

ဆင်ဟွာ



အီလွန်မက်စ်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# ကမ္ဘောဒီးယားနိုင်ငံ၏ ချည်မျှင်၊ အဝတ်အထည်နှင့် ခရီးသွားကုန်ပစ္စည်းတင်ပို့မှု ၂၂ ရာခိုင်နှုန်း တိုးတက်လာ

**ဖနောင်ပင် ဇွန် ၇**

ကမ္ဘောဒီးယားသည် ၂၀၂၅ ခုနှစ် ပထမလေးလတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိအထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ရာ ၂၀၂၄ ခုနှစ် အလားတူကာလက ရရှိသည့် ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံထက် ၂၂ ရာခိုင်နှုန်းနီးပါး တိုးလာကြောင်း ထုတ်ပြန်သည်။

ယခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း အထည်ချုပ်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄ ဘီလီယံတန်ဖိုး တင်ပို့ခဲ့ပြီး ယမန်နှစ်ကထက် ၂၀ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အကောက်ခွန်ဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားပြီး နိုင်ငံတကာဈေးကွက်သို့ ချည်မျှင်နှင့်အထည်တင်ပို့မှု ဒေါ်လာ ၁၈၀ ဒသမ ၅ သန်းတန်ဖိုးရှိသဖြင့် ၁၉ ရာခိုင်နှုန်း အသီးသီး တိုးလာကြောင်း ဖော်ပြသည်။

ထို့အပြင် ဒေါ်လာ ၆၂၃ ဒသမ ၂ သန်းတန်ဖိုးရှိ ဖိနပ်များ တိုးမြှင့်တင်ပို့ခဲ့မှုနှင့်အတူ ဒေါ်လာ ၆၃၅ ဒသမ ၃ သန်းနှင့် ညီမျှသော ခရီးသွားကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ရောင်းချခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



ကမ္ဘောဒီးယားနိုင်ငံအတွက် ချည်မျှင်၊ အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွား ကုန်ပစ္စည်းကဏ္ဍသည် နိုင်ငံခြားငွေ အများဆုံး ရရှိလျက်ရှိသည်။ လက်ရှိတွင် အဆိုပါကဏ္ဍတွင် အကြမ်းဖျင်းအားဖြင့် စက်ရုံခွဲပေါင်း ၁၅၃၈ ခု၊ အလုပ်သမား ၉၁၃၀၀၀ ခန့်ရှိပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးဝန်ကြီးဌာန အချက်အလက်များတွင် ဖော်ပြသည်။

ဆင်ဟွာ

# ပဋ္ဌမမြောက် လာအို- ထိုင်း ချစ်ကြည်ရေးတံတားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်

**ဗီယင်ကျန်း ဇွန် ၇**

လာအိုနိုင်ငံရှိ ဘိုလီခမ်ဆေးပြည်နယ်နှင့် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဘျူအင်ခန်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် ပဋ္ဌမမြောက် လာအို- ထိုင်း ချစ်ကြည်ရေးတံတားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်သွယ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဋ္ဌမမြောက် လာအို-ထိုင်း ချစ်ကြည်ရေးတံတား ကွန်ကရစ်သွန်းလောင်းခြင်းအခမ်းအနားကို ဇွန် ၆ ရက်ကကျင်းပရာ လာအိုဒုတိယဝန်ကြီးချုပ် ဆလံဆေးကွန်မာဆစ်၊ ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီး ဆူရိယ ဂျွန်ဂွန်ဂရီရမ်ကစ်နှင့် နှစ်နိုင်ငံတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် လာအိုနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာနှင့် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုဖြစ်လာစေရန် ကူညီပေးမည်ဖြစ်ကြောင်း ဇွန် ၇ ရက်က ထုတ်ပြန်သည့် လာအိုစီးပွားရေးနေ့စဉ်အစီရင်ခံစာတွင် ဖော်ပြသည်။

မီတာ ၁၃၅၀ ရှည်လျားသည့် အဆိုပါ တံတားသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကခြေလှမ်းတစ်ခုဖြစ်ပြီး လာအိုဘက်ခြမ်းတွင် တည်ဆောက်မှု ၉၈ ဒသမ ၄ ရာခိုင်နှုန်း ပြီးစီးကာ ချဉ်းကပ်လမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆောက်အအုံအားလုံး ပြီးစီးခဲ့သည်။ အဆိုပါတံတားသည် နှစ်နိုင်ငံအကြား ခရီးသွားလာချိန်ကို သုံးနာရီအထိ လျှော့ချနိုင်မည်ဖြစ်သည်။

ဆင်ဟွာ

# ယူနိုက်တက်အဲလိုင်းက အစ္စရေးသို့ပြေးဆွဲသည့်လေကြောင်းခရီးစဉ်များ ပြန်လည်စတင်

**ဂျေရုဆလင် ဇွန် ၇**

အစ္စရေးသို့ပြေးဆွဲသည့် ခရီးစဉ်များ တစ်လကျော်ကြာ ရပ်နားထားသည့်အမေရိကန်လေကြောင်းလိုင်းဖြစ်သည့် ယူနိုက်တက်အဲလိုင်းသည် အစ္စရေးသို့ လေကြောင်းခရီးစဉ်များ ပြန်လည်စတင်နေပြီဖြစ်သည်။

**လေဆိပ်သို့ ဆင်းသက်**

ဇွန် ၆ ရက်က နယူးယောက်မြို့ နယူးဝက်ခ် လစ်ဘာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာသည့် ယူအေ ၈၄ လေယာဉ်သည် ဇွန် ၆ ရက်တွင် အစ္စရေးနိုင်ငံ ဘင်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ခဲ့သည်။

**ခရီးစဉ်များကို ဆိုင်းငံ့**

ယီမင်ရှိ ဟူသီသူပုန်များက ဘင်ဂူရီယန်လေဆိပ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ယူနိုက်တက် အဲလိုင်းသည် မေ ၄ ရက်မှ စတင်ကာ အစ္စရေးသို့ လေယာဉ်ပြေးဆွဲမှု ခရီးစဉ်များကို ဆိုင်းငံ့ခဲ့သည်။

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းအချို့ အစ္စရေးသို့ ပြေးဆွဲခြင်းရပ်နားခဲ့သည်။

ထို့နောက် ဝန်ဆောင်မှု ပြန်လည်စတင်သည့် လေကြောင်းလိုင်း အနည်းငယ်သာရှိသည်။

ဆင်ဟွာ




# ကိုလံဘီယာ အလယ်ပိုင်းတွင် ရုတ်တရက်မြစ်ရေကြီးမှုကြောင့် လူအချို့ပျောက်ဆုံး

**ဘိုဂိုတာ ဇွန် ၇**

ကိုလံဘီယာအလယ်ပိုင်း ဂူဂျာမြစ်အတွင်း ရုတ်တရက်ရေကြီးမှုကြောင့် ဖောင်လေးစင်းနှင့် ကယက်လှေတစ်စင်း ဇွန် ၆ ရက်က တိမ်းမှောက်ခဲ့ရာ လူအချို့ပျောက်ဆုံးနေကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အမျိုးသားဌာနက ပြောကြားခဲ့သည်။

ဒေသခံအာဏာပိုင်များ၊ အနီးအနားရှိမြို့များမှ မီးသတ်သမားများ၊ ကိုလံဘီယာလေတပ်မှ ကူညီမှုများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည်။ ပျောက်ဆုံးသွားသူများမှာ မြစ်ရေတက်လာစဉ်အခါက မြစ်အတွင်း အပန်းဖြေနေကြသူများဖြစ်သည်။ လူမှုကွန်ရက်မီဒီယာပေါ်တွင် တင်ထားသည့်ဗီဒီယိုများအရ ပျောက်ဆုံးနေသူမှာ လူ ၂၀ ခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ ပျောက်ဆုံးနေသူအရေအတွက် အတိအကျကို စစ်ဆေးနေဆဲဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

ဆင်ဟွာ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၆ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း New Way ကားဂိတ်နှင့် ရွှေသလ္လာကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၆၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တောင်း–ဒိုက်ဦးလမ်းခွဲအနီး မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၅၆၂ တန်၊ သစ်မာ ၃ ဒသမ ၀၅၀ တန်(ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၀၀၆၀၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၈၀၆၀၂ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၃၀၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ The Myanmar Terminal ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၃၂၈၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၂၂၁၅၁၂၃)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Eastern Airlines လေယာဉ်ခရီးစဉ်အမှတ် MU–2031/SF–5381 ဖြင့် တရုတ်နိုင်ငံနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ကိုရီးယားနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၈၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၉၀၅၅၉၈၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၈ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀၈ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၀၄၂၅၈၅ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**










ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကူနီကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်

**နေပြည်တော် ဇွန် ၇**

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကိုမိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အနာဂတ်မျိုးဆက်သစ် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများကို အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်ရီရီထွေး အသက် ၄၆ နှစ်သည် နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ တာဝန်များ ထမ်းဆောင်လျက်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်နေသည်ကို မလိုလားသော PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၆ ရက် ကျောင်းဆင်းချိန်တွင် ကျောင်းဝင်းအတွင်းသို့ မော်တော်ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာပြီး သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant– DCS) ပြုလုပ်ခြင်း မရှိဟုဆိုကာ ကျောင်းအုပ် ဆရာမကြီးအား သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ဓားဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် သေဆုံးသွားကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းအုပ်ဆရာမကြီးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ပညာရေးဝန်ထမ်းများအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်အထိ အကြမ်းဖက် ကျူးလွန်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်း သေဆုံးသူ ၈၀၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိကြောင်း သိရသည်။







PDF အမည်ခံအကြမ်းဖက်သမားများက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ကျောင်းအုပ်ဆရာမကြီးအား တွေ့မြင်ရပုံ။



ကျောင်းအုပ် ဆရာမကြီးအား ပစ်ခတ်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျည်ခွံအား တွေ့မြင်ရပုံ။

ထိုသို့ နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများ၊ အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများကို ပြည်သူလူထုက စိတ်နှလုံးမချမ်းမြေ့ဖွယ် တွေ့မြင် ကြားသိနေရသဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကလည်း လိုအပ်သော တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ ပေါ်ဆန်းမွှေးမျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ပွဲကျင်းပ



**လယ်ဝေး ဇွန် ၇**

လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ KC တွင် ဇွန် ၆ ရက်က ၂၀၂၅-၂၀၂၆ မိုးစပါးပေါ်ဆန်းမွှေးမျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ပွဲကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် ကြောင်ရေကျေးရွာ ကွင်းအမှတ် ၁၇၉၃၊ တောင်သူဦးမောင် မောင်သောင်း၏ လယ်မြေငါးဧကတွင် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေနှမ်းသီးနှံ (မကွေးနှမ်းနီ)များ ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ဝေးခရိုင်ဘဏ်ခွဲတွင် ပြောင်ခေါင်းကြီးကျေးရွာအုပ်စုမှ တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများထံသို့ မိုးစပါးစိုက်ပျိုးစရိတ်များ ပေးအပ်ခဲ့သည်။

လယ်ဝေးမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ပြောင်ခေါင်းကြီးကျေးရွာ အုပ်စုရှိ တောင်သူ ၁၉၄ ဦး၏ စိုက်ဧက ၆၈၂ ဧကအတွက် ချေးငွေကျပ် သန်း ၁၀၂ ဒသမ ၃၀၀ ထုတ်ချေးမည်ဖြစ်ပြီး လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ငွေကျပ်သန်း ၆၃၇၃ ဒသမ ၅၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံဘုန်းကြီးကျောင်း၌ ပါဠိပထမပြန်စာမေးပွဲ၌ သံဃာ ၈၈ ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး ဖြေဆိုနေမှုအား သွားရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြံခင်းမြို့နယ်၌ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ထယ်ထိုးမြေဖုံး ကွင်းသရုပ်ပြ

**ကြံခင်း ဇွန် ၇**

၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကွေ့မကျေးရွာအုပ်စု ချောင်းခွကျေးရွာ တောင်သူ ဦးခင်လှ လယ်မြေ လေးဧက၌ ယမန်နေ့က ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထယ်ထိုးမြေဖုံး ကွင်းသရုပ်ပြပွဲပြုလုပ်သည်။

ထို့နောက် ကွေ့မကျေးရွာအုပ်စု ချောင်းခွကျေးရွာ ကွင်းအမှတ် ၄၆၊ ဦးပိုင်အမှတ် ၂၉၈ တောင်သူဦးခင်လှ လယ်မြေ လေးဧကအတွင်း သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ် ကွင်းသရုပ်ပြသမှုကို ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**




## အလုပ်ခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**မန္တလေး ဇွန် ၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တာဝန်ခံအရာရှိက ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Mandalay Management Corporation Limited မှ အာမခံအလုပ်သမား ဦးအောင်ကိုကိုသည် အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၅၂၂၀၀၀၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ဂျူလိုင်မိုးထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာနတာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ကညွတ်ကွင်းမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ဖြူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖြူးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖြူးမြို့နယ် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းလတ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် (၃) ဖြင့် အသက် ၁၀ နှစ် ပြည့်ပြီးသူများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသား စိစစ်ရေးကတ်များ ဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း၊ စီမံချက်ကာလအတွင်း နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး နိုင်ငံသားတိုင်းရယူပိုင်ဆိုင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကညွတ်ကွင်းမြို့အတွင်းရှိ မြေပြင်ကွင်းဆင်း စိစ်ဆေးချက်အရ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော ပြည်သူ အမျိုးသား ၈၈ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၇၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**သုံးခွ ဇွန် ၇**

သုံးခွမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သုံးခွမြို့နယ် အခွန်ကောက်မှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**



**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## မော်လမြိုင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်



**မော်လမြိုင် ဇွန် ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ဇေယျာသီရိရပ်ကွက် ဆိုင်ကလုန်းရှယ်တာ၌ ကျင်းပသည်။

